သင့်ကလေးအတွက် ခဲဓာတ် စစ်ဆေးမှု လိုအပ်ပါသလား။

သင့်ကလေး . . .

ဟုတ်	မဟုတ်	
○	○	သင့်ကလေးသည် 1978 ခုနှစ်မတိုင်မီက တည်ဆောက်ထားသော အထူးသဖြင့် လတ်တလော ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ထားသော အိမ်တစ်လုံးတွင် နေထိုင်ခြင်း သို့မဟုတ် မကြာခဏ သွားလည်ခြင်း ရှိပါသလား။
○	○	သင့်ကလေးတွင် သွေးတွင်းခဲဓာတ် မြင့်မားနေသော မွေးချင်း သို့မဟုတ် သူငယ်ချင်း ရှိပါသလား။
○	○	သင့်ကလေးတွင် အလုပ်ခ္ခဖြစ်စေ၊ ဝါသနာအရဖြစ်စေ ခဲကိုအသုံးပြုကာ အလုပ်လုပ်သော မိဘ သို့မဟုတ် ပြုစုစောင့်ရှောက်သူ ရှိပါသလား။
○	○	သင့်ကလေးသည် အမေရိက မဟုတ်သော နိုင်ငံတစ်ခုမှ ဖြစ်ပါသလား။
○	○	သင့်ကလေးသည် ရိုးရာဆေးနည်းများ သို့မဟုတ် ဂရီတာပုလဲအမှုန့်၊ အဇာကွန် လိမ္မော်ရောင် အမှုန့် သို့မဟုတ် အနက်ရောင် ကာချယ်အမှုန့်တို့
○	○	သင့်ကလေးတွင် Apple Health/Medicaid ရှိပါသလား။

ၫင်းမေးခွန်းများအနက် တစ်ခုကို **ဟုတ်** ဟုဖြေဆိုပါက သို့မဟုတ် သင့်ကလေးသည် ခဲဓာတ်နှင့် ထိတွေ့မှု တစ်ခုခုရှိခဲ့သည်ဟု ထင်ပါက **သင့်ကလေးသည် သွေးတွင်းခဲဓာတ် စစ်ဆေးမှုကို လိုအပ်ပါသည်။**

အောက်ပါကဒ်ကိုဖြဲကာ နောက်တစ်ကြိမ် ကလေးကျန်းမာရေး စစ်ဆေးရန် သွားသည့်အခါ သင့်ကလေး၏ ဆရာဝန်ကို ပေးပါ။ သင့်ကလေးတွင် Apple Health အာမခံ ရှိပါက အခြားမေးခွန်းများကို **မဟုတ်**ဟု ဖြေထားလျှင်ပင် ၫင်းတို့၏ အခမဲ့ စစ်ဆေးပေးသည့် အကျိုးခံစားခွင့်ကို ရယူပါ။

My child needs a blood lead test.

Provider: A lead risk factor questionnaire identified this child as having one or more risk factors for lead exposure.

Federal law mandates that all children enrolled in Medicaid are required to get blood lead tests at ages 12 and 24 months.

For more information, **visit doh.wa.gov/lead**.

မည်သည်က ကလေးများတွင် ခဲဆိပ်သင့်ခြင်းကို ဖြစ်စေပါသလဲ။

သင့်ကလေးထံသို့ ခဲဓာတ်ရောက်ရှိရန် အဖြစ်အများဆုံး နည်းလမ်းမှာ အိမ်အဟောင်းများရှိ အိမ်သုတ်ဆေးမှဖြစ်ပါသည်။ အိမ်သုတ်ဆေးသည် ကွာကျနေခြင်း သို့မဟုတ် အမှုန့်ကျနေခြင်း ရှိပါက အန္တရာယ်ရှိနိုင်ပါသည်။ ခဲအမှုန့်များကို ကလေးများက ရှူသွင်းမိခြင်း သို့မဟုတ် မျိုချမိခြင်း ရှိနိုင်ပါသည်။ ဖုန်မှုန့်များ ကင်းစင်စေရန် ကလေးများ၏ လက်များနှင့် အရုပ်များကို မကြာခဏ ဆေးကြောပါ။

အိမ်ထဲတွင် ခဲဓာတ်ရှိနေနိုင်သည့် အရာများ -

- အိမ်သုတ်ဆေးအဟောင်း ကွာကျသည်များနှင့် အမှုန့်များ
- အိမ်တွင်းအိုးလုပ်ငန်း
- မြေကြီးနှင့် ဖုန်မှုန့်များ
- တင်သွင်းထားသော ဟင်းခတ်မှုန့်များ
- အရုပ်များနှင့် လက်ဝတ်ရတနာ
- ရေ

အဘယ်ကြောင့် သင့်ကလေးကို ခဲဓာတ်စစ်ဆေးသင့်တာလဲ။

သင့်ကလေးထံသို့ ခဲဓာတ်ရောက်ရှိပါက ဦးနှောက်နှင့် ကျောက်ကပ်တို့ကို ထိခိုက်ပျက်စီးစေနိုင်သလို သင်ယူရန်၊ အာရုံစူးစိုက်ရန်နှင့် သင့်လျော်စွာ ပြုမူနေထိုင်ရန် အခက်အခဲ ရှိစေနိုင်သည်။ ခဲပမာဏ အနည်းငယ်ကပင် သင့်ကလေးကို ထိခိုက်စေနိုင်သောကြောင့် သင့်ကလေးကို စစ်ဆေးခြင်းပြုသင့်မပြုသင့် သိရှိရန် အရေးကြီးပါသည်။

ခဲဆိပ်သင့်ခြင်း၏ လက္ခဏာတွေက ဘာတွေလဲ။

ခဲဆိပ်သင့်နေသော ကလေးအများစုသည် နေမကောင်းပုံရခြင်း သို့မဟုတ် နေမကောင်းဖြစ်ခြင်း မရှိပါ။ ခဲဓာတ်နှင့် သင့်ကလေး ထိတွေ့မှု ရှိမရှိကို သွေးစစ်ဆေးမှု တစ်ခုတည်းဖြင့်သာ သိနိုင်ပါသည်။

သင့်ကလေးတွင် ခဲဆိပ်သင့်နေပါက ဘာဖြစ်မလဲ။

Department of Health (ကျန်းမာရေးဌာန) သို့မဟုတ် သင့်ဒေသဆိုင်ရာ ကျန်းမာရေး အာဏာပိုင်အဖွဲ့က ခဲဓာတ်ရင်းမြစ်ကို ရှာဖွေရန်နှင့် ဖယ်ရှားရန် ကူညီပေးနိုင်ပါသည်။ သင့်ကလေး၏ ကျန်းမာရေးကို ကူညီပံ့ပိုးပေးရန်အတွက် အာဟာရ ဝန်ဆောင်မှုများ ကဲ့သို့သော ရင်းမြစ်များနှင့် သင့်မိသားစုကို ဆက်သွယ်ပေးခြင်းလည်း ပါဝင်နိုင်သည်။

ကလေးဘဝတွင် ခဲဆိပ်သင့်ခြင်း ကာကွယ်ရေး အစီအစဉ်

ခဲဓာတ်အကြောင်း နောက်ထပ်သတင်းအချက်အလက်နှင့် သင့်ပတ်ဝန်းကျင်ရှိ ခဲဓာတ် အန္တရာယ်အကြောင်းကို သိနိုင်ရန် **doh.wa.gov/lead** သို့သွားပါ သို့မဟုတ် 1-800-909-9898 ကို ဖုန်းခေါ်ပါ။

Washington State Department of HEALTH

DOH 334-141 May 2025 Burmese

ဤစာရွက်စာတမ်းကို အခြားဖောမက်တစ်ခုဖြင့် ရယူလိုပါက 1-800-525-0127 ကိုဖုန်းခေါ်ပါ။ နားမကြားသူများနှင့် အကြားအာရုံ ချို့ယွင်းနေသည့် ဖောက်သည်များအတွက် 711 (Washington Relay) သို့ ဖုန်းခေါ်ပေးပါ သို့မဟုတ် doh.information@doh.wa.gov သို့ အီးမေးလ်ပို့ပေးပါ။